

သျှင်မ
အချစ်နဲ့ သမသတ်တည်ရှိခြင်း
ဝန်ဇင်း

## အခန်း(၁)

မလွန်ဆန်နိုင် နှလုံးသားလည်း ရစ်နှောင်တွယ်. . ပတ်လို့ ဖြင့်ထား တော့လည်း . . . အတွေး ခက်တယ် သံယောဇဉ် . . . ငယ်ရွယ်သူဖြစ် တော့လည်း ချစ်တာပဲ . . . ဦးစားပေးသိနေတယ် . . . အတွေးခက်တယ် သံယောဇဉ်. . .

ကြားလူတွေဖြစ်လို့ တော့ နောက်မဆုတ်ဘူး. . . စမိတဲ့ အချစ်တွေ ကို ရုပ်သိမ်းဖို့ မတောင်းဆို နဲ့ . . . ငါအသိထဲ မင်းတစ်ယောက်တည်း ငဲ့ ညှာမယ် . . . တို့ နှစ်ယောက်ရဲ့ နိဗ္ဗာန်လေး . . . ဖျက်ပေးဖို့ မတောင်းဆို နဲ့ . . . ငါ ဘယ်သူ့မှ ဂရုမစိုက်နိုင်. . .

ရင်ခွင်မှာ ပစ်ပြီးလို့ စိုက်နေမှ . . . ဆွဲထုတ်ဖို့ မလုပ်နိုင်ဘူး . . . ကို ယ့်အသက်ကို ကိုယ်သနား တယ်. . . အကြင်နာတွေ ပေးပြီးလို့ လက်လွ ယ်မှ . . . မုန်းခိုင်းတိုင်းမမုန်းနိုင်ဘူး. . . မေ့ရမှာ မလွယ် လှပါ. . .

ကြားလူတွေဖြစ်လို့ တော့ နောက်မဆုတ်ဘူး . . . စမိတဲ့ အချစ်တွေ ကို ရုပ်သိမ်းဖို့ မတောင်းဆို နဲ့ . . . ငါအသိထဲ မင်းတစ်ယောက်တည်း ငဲ့ ညှာမယ်. . . တို့ နှစ်ယောက်ရဲ့ နိဗ္ဗာန်လေး . . . ဖျက်ပေးဖို့ မတောင်းဆို နဲ့ . . . ငါ ဘယ်သူ့မှ ဂရုမစိုက်နိုင်. . .

သီချင်းသံဆုံးသွားမှ အိပ်ရာထဲက ဖျတ်ခနဲခုန်ထလိုက်သည် ။

သီချင်းဆိုတာ ဘယ်သူလဲ. . .၊

သီချင်းက ဆုံးသွားပြီး နောက်တစ်ကျော့ပြန်လာသည် ။ မြေမြေ ရှိသမျှမှန်ပြတင်းတွေ အကုန် ပြေးဖွင့်၊ ခန်းဆီးစတွေ ဆွဲဖယ်. . .၊

သီချင်းသံပျောက်မသွားမီ သီချင်းရှင်ကိုတွေ့ဖို့ မြေမြေတိုက်ကြီးပေါ်မှာ ပြေးလွှားနေကာ စားပွဲတွေနဲ့ တိုက်မ၊ စာအုပ်စင်တွေပြိုကျ. . .၊

"ဟဲ့ ပလုတ်တုတ်. . ."

"ခွမ်း. . ."

နောက်ဆုံး ယုံယုံကြီးနှင့် အင့်ခနဲတိုက်မိကာ သူမအတွက် ယူလာပေးသည့် နွားနို့ဖန်ခွက် လွတ်ကျကွဲလေသည် ။

"ဘယ်လိုဖြစ်တာလဲ မြေမြေရယ်. . ."

"ကန်တော့ . . . ကန်တော့ ယုံယုံကြီး ကန်တော့နော် . . ခဏလေး. . ."

အသံကကျန်ခဲ့လျက် လူက တစ်ချက်မှ မကြည့်ဘဲ လှည့်ပြေးသွားကာ နောက်ဖေး ဝရန်တာ ဘက် ရောက်သွားလေသည် ။

"ဟာ . . . သွားပြီ. ."

အသံပျောက်သွားသလို မြေမြေ ဘာမှ မတွေ့တော့ပါ. .၊

"ဒီဘက်ကမှ ဒီဘက်ကပဲ. . . တောက်"

ဝရန်တာသံပန်းကို တအားထုပစ်ကာ တက်ခေါက်လိုက်မိ၏။

"ဘာတွေ မကျေမနပ်ဖြစ်နေတာလဲ မြေမြေရယ်. . အလန့်တကြား၊ ကျုပ်ဖြင့်ဒီမှာ အပူလောင် သွားတာတောင် ငုံ့မကြည့်ခဲ့နိုင်ဘူး. . "

"ငုံ့ကြည့်ပါလား ယုံယုံကြီးကလည်း . . . ဘာလို့ မြေမြေနောက်ကိုပဲ တကောက်ကောက် လိုက်ကြည့်နေတာလဲ . . စိတ်ညစ်တယ်. . "

မြွေမြွေ ခြေလေးဆောင့်ကာ ဘောက်ဆတ်ဆတ် လျှောက်ထွက်သွားတဲ့ နောက် ယုံယုံကြီး လိုက်ရပြန်သည် ။

"မလိုက်လို့ ဖြစ်ပါ့မလား ကလေးလေးရယ်. . ကလေးရဲ့ အဖေက ယုံယုံကြီးကို သေချာမှာ ထားတဲ့ ဥစ္စာ"

"ဖေကြီးမှာ တော့ ဘာဖြစ်လဲ. . မြွေမြွေက အိမ်ပေါ်မှာ ပဲ နေတဲ့ ဥစ္စာ
"

"ဩော်. . အိမ်ပေါ်မှာ လည်း ပူရတာပဲ . . ရှင်လေးက စိတ်မထင်ရင် ပြတင်းပေါက်က တွယ်ဆင်း သစ်ကိုင်းလှမ်းကူး၊ တစ်ခါတစ်ခါ ဝရန်တာပေါ်ကနေ ကြိုးနဲ့ တွယ်ဆင်းလိုဆင်း. . "

"ယုံယုံကြီးနော်. ."

"မဟုတ်လို့ လား. ."

"မသိဘူး. . ခု ယုံယုံကြီးနဲ့ တိုက်မိလိုက်လို့ မမီလိုက်တာ. . ယုံယုံကြီးကြောင့်. . "

"အလို . . ယုံယုံကြီးကြောင့်. ."

"ဟုတ်တယ်. ."

"ဘာကိုမမီလိုက်တာလဲ. . "

"သီချင်းရှင်. ."

"သီချင်းရှင်ဆိုတာ ဘာလဲ. . စီဒီခွေရှိမှာ ပေါ့. . မြွေမြွေရယ်. ."

"ဟာ. . ယုံယုံကြီးကလည်း သီချင်းရှင်ပါဆိုနေမှ . . သီချင်းဆိုတဲ့ လူကိုပြောတာ၊ စောစောက သီချင်းဆိုနေတာ. . ယုံယုံကြီးမကြားလိုက်ဘူးလား. ."

"ကြားတယ်လေ. . အဲဒါ ဋ္ဌေဋ္ဌေ စီဒီဖွင့်ထားတာ မဟုတ်ဘူး လား. ."

"ဘယ်ကလာဟုတ်ရမှာ လဲ. . အဲဒါကြောင့်ပေါ့၊ အရမ်းကိုစွဲသွားတာ . . အရမ်းကိုကောင်း တာ၊ လူကို ငေါက်ခနဲ ထထိုင်မိရောပဲ. ."

"ဘုရားရေ"

ယုံယုံကြီး ရင်ဘတ်ဖိလျက်. .၊

"ဝရန်တာက ခုန်မချလိုက်တာပဲ ကျေးဇူးတင်ရဦးမှာ ပါလား. ."

ဋ္ဌေဋ္ဌေက ဝဲဖြန့်နေသည့် ဆံပင်ရှည်တွေကို ချိုင်းအောက်မှ ရှေ့ကိုဆွဲ ယူလိုက်ကာ ဆိုဖာပေါ် မှာ ထိုင်ချလိုက်၏။

"ယုံယုံကြီး"

"ဟင်"

"ခြေထောက်အပူလောင်သွားသလား. ."

"သြော် . . သတိရဖော်ရသားပဲ. ."

"ယုံယုံကြီးကလည်း . . သတိရပါတယ်၊ စိတ်က ဟိုကိုရောက်နေလို့ . ."

"တော်သေးတာပေါ့. . အဲဒါအသံပဲကြားသေးတာ . ."

"ဟင် . . ယုံယုံကြီးက လူကိုသိလို့ လား . . . မြင်ဖူးလို့ လား၊ ချောသ လား . ."

"မမြင်ဖူးပေါင်. . ဒီနားမှာ ဟောဒီခြံကထောင့်ခြံ၊ တောင်လက်ခြံနဲ့ နောက်ဘက်ခြံပဲရှိတာ. . . တောင်ဘက်ခြံက စိုးစိုးတို့ မာမာတို့ ညီအစ်မ ပဲရှိတာကို၊ ကိုယ်နဲ့ လည်း ခင်တယ်. . . ယောကျ်ားသံ ထွက်စရာမှ မရှိ

တာကို၊ ယောက်ျားသံဆိုရင် အနောက်ဘက်ခြံကပဲဖြစ်မှာ ပေါ့. . ”

“နောက်ခြံမှာ ဘယ်သူတွေနေတာလဲဟင်”

“မသိဘူးလေ. . အဲဒီမှာ ခြံပိုင်ရှင်မရှိဘူးလို့ ပြောတာပဲ၊ ဒါပေမဲ့ လူရှိတယ်. . . ဘယ်သူမှန်း မသိဘူး၊ ခြံထဲကို ကားမှန် အလုံပိတ်ကြီး ဝင်တာထွက်တာပဲ မြင်ဖူးတယ်တဲ့ . . ”

“တဲ့ ဆိုတော့ ယုံယုံကြီးမြင်တာ မဟုတ်ဘူး လား. .”

“ဟုတ်ပ့ါမလား မေ့မေ့ရယ်. . ရှင့်လိုမစပ်စုလေးတောင်မှ မသိတဲ့ဟာ. . ယုံယုံကြီးကရော မေ့မေ့နဲ့ အတူ ဒီကိုရောက်လာတာပဲဟာ၊ ဘာကြာသေးလို့ လဲ. . စိုးစိုးတို့ ညီအစ်မပြောလို့ သိတာ. . ”

“စိတ်ဝင်စားစရာပဲ. .”

“ဝင်စားမနေစမ်းပါနဲ့ မေ့မေ့ရယ်. . ကဲ ညစာ ဘာစားမလဲ . . ပြော. . ”

“ကြက်ခြေထောက်နဲ့ ကြာဆံချက်ရယ်. . ပုစွန်ချဉ်သုပ်ရယ်၊ ငါးရံ့ခြောက်ကို မီးဖုတ်ပြီး ဆီရွှဲရွှဲဆမ်းပေး. .”

“ပုစွန်ချဉ်သုပ်က ဒီရာသီကြီးစားမကောင်းပါဘူးကွယ်. . ရှောက်သီးသုပ်ပေးမယ်လေနော် . . ကလေးလေးအကြိုက် ငရုတ်သီးစိမ်းပါးပါးလေးတွေ လှီးထည့်ပေးမယ်လေ. .”

“ဟင့်အင်း . . ပုစွန်ချဉ်နဲ့ ရှောက်သီးသုပ် ဘာဆိုင်လို့ လဲ ယုံယုံကြီးရဲ့ . . ရှောက်သီးသုပ်ရင် မြေပဲတွေကပါဦးမယ်. . မကြိုက်ပါဘူး. .”

“ပဲမှုန့်စစ်စစ်လေးနဲ့ သုပ်ပေးမယ်. .”

“ဘာထူးလို့ လဲ. .”

"ကြီးကြီး. . အောက်မှာ ဖုန်းလာနေပါတယ်ရှင်. ."

"ဟေ. ."

"ဟာ. . ဖေကြီးဆီကကွ. ."

မွှေမွှေ ဆတ်ခနဲထပြေးသွားသည် ။

တစ်ကွေ့တစ်မောကြီး ပတ်ဆင်းရသည့် ကြောင်လိမ်လှေခါးကြီးကို ဆင်းချသွားလိုက်တာ လိပ်ပြာပျံတာကမှ နှေးလိမ့်ဦးမည်။

မွှေမွှေ တယ်လီဖုန်းနား ချက်ချင်းရောက်သွားသည် ။ ချထားသည့်ဖုန်းကို နားမှာ ကပ်လိုက် သည် နှင့်. .။

"ဖေကြီး. ."

"သမီးလေး. . နေရတာအဆင်ပြေရဲ့ လား. ."

"ပြေတယ်ဖေကြီး. . ဒါပေမဲ့ ဖေကြီးတိုက်ကြီးက အရမ်းကြီးတာပဲ၊ ယုံယုံကြီးရယ် အကြီးသန်းရယ်. . မွှေမွှေနဲ့ မှ သုံးယောက်တည်း. ."

"ဘဘမိုးနဲ့ ဦးအောင်ရှိတာပဲသမီးရဲ့ . ."

"ဘဘမိုးက ခြံထဲမှာ ပဲဖေကြီးရ. . ဦးအောင်ကလည်း တန်းလျားထဲမှာ ပဲနေတာ. ."

"သမီးကကြောက်လို့ လား. ."

"မကြောက်ပါဘူး. . ပျင်းခြောက်ခြောက်ကြီးဖြစ်နေတာပြောတာ. . . ဖေကြီး ကိုကို ဘယ်တော့ပြန်ရောက်လာမှာ လဲဟင်. ."

"လိုသေးတယ် သမီးရဲ့ . . ပညာတော်သင်ဆိုတော့ စီးပွားရေးသွားလုပ်သလို သွားချင်တိုင်း သွား. . ပြန်ချင်တိုင်းပြန်လို့ မရဘူး. . ဒါပေမဲ့ သမီး ကိုကိုကို မျှော်မနေနဲ့ ၊ သမီး ကိုကို ပြန်ရောက်ရင် တစ်ခါတည်း

လက်ထပ်ပေးမှာ . .”

“မမတော်ဝင်နဲ့ မဟုတ်လား. .”

“ဟုတ်တယ် သမီးရဲ့ . . မမတော်ဝင်ကို သမီးလည်း ချစ်တယ်မဟုတ်လား၊ တော်ဝင်က သမီးကိုဆို သိပ်အလိုလိုက်တာပဲလေ. .”

“ချစ်ပါတယ်. . ဒါပေမဲ့. .”

“ဟာ . . . သမီးငိုနေတာလား၊ သမီးရယ်. .”

ဖေကြီးမေးသံကြားတော့မှ ဒွေးဒွေး မျက်ရည်တွေ ပိုးပိုးပေါက်ပေါက် ကျလာသည် ။

“ဖေကြီး”

“ဟေ. . သမီး. .”

“ကိုကို့ကို ချက်ချင်းကြီးမပေးစားပါနဲ့ ဦး. .”

“မပေးစားပါဘူး သမီးရယ်. . သမီးကိုကိုနဲ့ ဖေကြီး သမီးဆီကို လာဦးမှာ ပါ၊ နေမင်းလေးကို လက်ထပ်ပေးပြီးတာနဲ့ ဖေကြီးက သမီးနဲ့ တူတူလာနေမှာ . .”

“တကယ်နော် ဖေကြီး”

“တကယ်ပေါ့. .”

“ဒါပဲနော် ဖေကြီး. . ပြီးကျမှ ဒီတိုက်ကြီးမှာ သမီးမေမေရဲ့ အရိပ်တွေရှိတယ်. . သမီး မေမေရဲ့ အငွေ့အသက်လေးတွေကို ဖေကြီးမပစ်နိုင်လို့ . . ဘာညာနဲ့ အဲဒီတိုက်ကြီးထဲမှာ ဆက်နေလို့ ကတော့. .”

ဖုန်းထဲမှာ ဖေကြီးရယ်သံသဲ့သဲ့ ကြားရသည် ။

ဖေကြီးက မေမေ့ကို အသက်လောက်ချစ်သည် ။ မေမေဆုံးတော့ ငွေ့ငွေ့ သူငယ်တန်းစတက် တဲ့ အရွယ်မို့ မေမေရဲ့ ပုံရိပ်၊ မေမေ့အသံ၊ အယုအယတွေကို မှတ်မှတ်ရရ ရှိနေတာတွေ အများကြီးပင် . .၊

ဖေကြီးအခန်းထဲမှာ မေမေ့ပုံတူပန်းချီကားကြီး အကြီးကြီးရှိသည် ။

"ဒီပုံက သမီးမေမေလောက်မလှပါဘူး. ."

ဖေကြီးက မေမေ့ကို မြတ်နိုးတန်ဖိုးထားသလောက် အရွယ်ရှိသေးပေမယ့် နောက်အိမ်ထောင် လည်း မပြုတော့ပေ. .၊

"ကလေးလေးတို့ ဖေကြီးက သိပ်သနားဖို့ ကောင်းပါတယ်ကွယ်. . သူ့ခမျာ ချစ်သူ တစ်ယောက် ဇနီးတစ်ယောက်၊ ဒီတစ်ယောက်ကိုပဲ စွဲစွဲလမ်းလမ်း ချစ်ခဲ့ရှာသလောက် ချစ်ခင်စလေး နဲ့ သေကွဲကွဲရရှာတယ်. . အိမ်ထောင်သက် လေးငါးခြောက်နှစ်ဟာ ဘာရှိသေးလို့ တုံး. . မွန်ဇူလိုင် ဆုံးသွားတော့ သူ့မှာ အရူးကြီးလိုပဲ၊ ဒါပေမဲ့ သမီးလေးရှေ့ရေးကို သူ သိပ်အလေးထားခဲ့တယ်. . မွန်ကြောင့် အရက်ဖြတ်ခဲ့ ဖြတ်ခဲ့ပြီး မွန်ဆုံးသွားတော့ တစ်လလောက် အရက်ပြန်သောက်သေးတယ်၊ နောက်တော့ ငွေ့ငွေ့လေးနဲ့ နေမင်းလေး မျက်နှာကိုငဲ့ပြီး ဖြတ်ပစ်ခဲ့တယ်. . ငယ်ငယ်ရွယ်ရွယ် အရည်အချင်းရှိတဲ့ လူချမ်းသာတစ်ယောက်ဆိုတော့ မိန်းမတွေမှ ချောချောလှလှ ကညာပျိုလေးတွေ ဝိုင်းဝိုင်းလည်ပဲပေါ့. . သူ ဘယ်မိန်းမကိုမှ မစဉ်းစားခဲ့ဘူး. ."

ယုံယုံကြီးကတော့ စကားလေးတစ်ခုခုစလိုက်မိတာနဲ့ ဖေကြီးအကြောင်းပြောတိုင်း မျက်ရည် လည်တတ်သူဖြစ်သည် ။

"မွန်လေးက သိပ်တော်တဲ့ မိန်းမ. . ထက်ထက်မြက်မြက်လည်း ရှိတယ်. . ကလေးတို့ ဖေကြီး က ခေါင်းမာမာ၊ ဂျစ်ကန်ကန်သမား. . မွန်လေးနဲ့ ကျမှ ခေါင်းညိတ်ရပ်ဖြစ်တော့တယ်. . မွန်လေးက သူဖြစ်ချင်

တာကို ဖြစ်ချင်သလို သိမ်းသွင်းတာ မဟုတ်ဘူး . . တစ်ဖက်သား တိမ်းညွတ်လာနိုင်တဲ့ အခြေအနေ၊ ကိုယ့်ဘက်က ထောက်ပြဆွဲယူလို့ ရမယ့် အနေအထား တိုက်ဆိုင်တော့မှ လိုချင်သလို ပုံသွင်းတာ. . သိပ်ကို အရည်အချင်းရှိတဲ့ မိန်းကလေးပါကွယ်၊ လှလိုက်တာဆိုတာလည်း ဟောဒီ မျက်နှာလေးအတိုင်းပဲ. . နှာတံပေါ်ပေါ် မျက်တောင်ကော့ကော့လေးနဲ့ သူ့မျက်တောင်ကြီးတွေက ထူလည်း ထူတယ်. . ရှည်လည်း ရှည်တယ်. . သိပ်ကိုလှတာပဲ. .”

ယုံယုံကြီးက ငွေငွေမျက်နှာလေးကို သေချာတိုင်းတာခဲ့ဖူးသေးသည် ။

“ကလေးလေးက ကလေးလေးရဲ့ အမေလို မေးရိုးမကားဘူး. . နည်းနည်းသွယ်တော့ နုနုလေးနဲ့ လှတယ်၊ မွန်ကတော့ မေးရိုးကားချင်တယ်. . မျက်လုံးတွေက အရမ်းတောက်တော့ သူ့ မျက်နှာမှာ ထက်မြက်မှုတွေ အမြဲရှိနေတာပဲ. . သူ့မှာ ဒီလိုရောဂါမျိုးကို မှီတွယ်နေလိမ့်မယ်လို့ ဘယ်သူကထင်မှာ လဲကွယ်. .”

အဲဒီနောက်ပိုင်း အခန်းရောက်ပြီဆို ယုံယုံကြီး ငိုတတ်ပါသည် ။

“လူလေးကလည်း သိပ်ချစ်တယ်. . သေဆုံးတဲ့ အထိ လူလေးရဲ့ ရင်ခွင်ထဲမှာ ပဲ သူနေတယ်. . အသက်ထွက်ရှာတော့ ယောကျ်ားကို ဆုပ်ကိုင်ထားတဲ့ လက်ဟာ သူများ တွေလို လျှော့ကျပြုတ်ထွက် မသွားဘူး. . သူ့လက်ကလေးက ဆုပ်ကိုင်ထားတဲ့ အတိုင်းလေးပဲ. . လူလေးဆိုတာ အံကြိုးကြိတ်ပြီး ကျလိုက်တဲ့ မျက်ရည်တွေကွယ်. . မိန်းမသာဆို မေ့မြောကျသွားလောက်ပါတယ်. .”

ယုံယုံကြီး တကယ့်ကို လှိုက်လှိုက်လှဲလှဲဖြစ်လွန်းတော့ ငွေငွေပင် မနေ့တစ်နေ့ကလိုပဲ ခံစားရ ကာ မျက်ရည်ဝဲလာမိရသည် ။

မေးရိုးသွယ်သွယ် မျက်ဝန်းလက်ကလေးများ နှင့် ရုတ်တရက်ဆို ဋ္ဌေ ဋ္ဌေက နုနုနွဲ့နွဲ့လေးပေ မယ့် တော်ရုံနှင့် မျက်ရည်ကျတတ်သူတော့ မဟု တ်ပေ။ သူမထက်ပို၍ မာကျောတတ်သူက ကိုကိုဖြစ် သည် ။

ကိုကိုဟာ မေမေဆုံးသွားပြီးတဲ့ နောက်ပိုင်း အရမ်းပြောင်းလဲသွား သည် ဟု ပြောကြသည် ။ ဒါပေမဲ့ ဘာမှ မပြောင်းလဲဘဲ ရှိခဲ့တာကတော့ ကိုကိုက ဋ္ဌေဋ္ဌေကို တယုတယ အလိုလိုက်တာပဲဖြစ်လေ သည် ။

ဋ္ဌေဋ္ဌေကို မငိုတတ်အောင် အမြဲ တတွတ်တွတ် သင်ပေးတတ်သူက လည်း ကိုကိုပါပဲ. . .၊

"မငိုနဲ့ ညီမလေး. . ကိုကိုဆိုရင် မေမေနဲ့ နှစ်ယောက်တည်း ဘဝကို ရင်ဆိုင်ရုန်းကန်ခဲ့ရ တယ်. . မေမေဘယ်တော့မှ မငိုဘူး၊ ဖေဖေက ကို ကိုငယ်ငယ်လေးကတည်းက ဆုံးသွားတာ၊ မေမေကသာ တငိုငိုတရယ် ရယ်နဲ့ စိတ်ဓာတ်ကျတတ်တဲ့ ခပ်နုနု မိန်းမတစ်ယောက်ဆိုရင် ကိုကို လ ည်း ဖေဖေရဲ့ သားဖြစ်လာမှာ မဟုတ်ဘူး . . ဘယ်မိန်းမကိုမှ စိတ်ဝင် စားရကောင်းမှန်းမသိတဲ့ ဖေဖေဟာလည်း မေမေ့ကို သတိတောင်ထား မိမှာ မဟုတ်ဘူး . ."

ကိုကိုက ဋ္ဌေဋ္ဌေနဲ့ အမေတူ အဖေကွဲမောင်နှမဖြစ်သည် ။ ကိုကိုဖေ ဖေနဲ့ ဋ္ဌေဋ္ဌေဖေဖေဟာလည်း ညီအစ်ကိုအရင်းဖြစ်နေပြန်လေသည် ။ မေမေက လေးလေးလမင်းနဲ့ အရင်လက်ထပ်ခဲ့တာဖြစ်လျက် မိဘများ က သဘောမတူ၍ အဝေးတစ်နေရာ လွင့်ထွက်သွားခဲ့ရင်း လေးလေးလ မင်းလည်း ကိုကို ငယ်ငယ်လေးမှာ ပဲ ဆုံးသွားခဲ့ရကာ မေမေ့ကို ဘွားက လိုက်ရှာခေါ်ခဲ့ရတာဖြစ်သည် ။

"မေမေက ဘယ်လောက်သတ္တိရှိသလဲဆိုရင် ကိုကိုတစ်နှစ်သားအရွ ယ်မှာ ကတည်းက ဖေဖေ ဆုံးသွားခဲ့တာ. . ဖေဖေဆုံးသွားတဲ့

သတင်းကြားပြီး ကို့ကိုကို ဘွားတို့ လာတောင်းမှာ ဆိုးလို့ ကိုကို သူငယ် တန်းဖြေတော့မယ့်အချိန်ထိ မေမေဟာ ဒုက္ခ သုက္ခ ပေါင်းစုံနဲ့ ရင်ဆိုင်ပြီး ရှောင်ပြေးနေခဲ့ တယ်. . ဘွားတို့ နဲ့ တွေ့ဆုံပြီး ပြန်ခေါ်တာ တောင်မှ မေမေက ချက်ချင်းလက်ခံခဲ့တာ မဟုတ်ဘူး . .”

ကိုကိုက မွှေမွှေရဲ့ ဖေဖေကိုလည်း ဖေဖေဟု ပင်ခေါ်ပါသည် ။

ဖအေနှစ်ယောက်အကြောင်း ပြောဆိုဖို့ လိုအပ်လာတဲ့ အခါမှ သာ ဦးဖေဖေဟု ထည့်သုံးတတ် တာဖြစ်သည် ။ ဖေကြီးက မေမေ့ကို အမှတ် မထင်တွေ့သွားကာ လေးလေးလမင်းရောင်နှင့် တအားတူ လွန်းသော ကိုကို့ကို သတိထားမိခဲ့တာဖြစ်သည် ။

စိတ်ဓာတ်ပြင်းထန်ကာ မာနကြီးသောမေမေ့ကို ဖေကြီးက အိမ်ကိုပါအောင် ဘွားနဲ့ တိုင်ပင် ခေါ်ခဲ့ရတာဖြစ်သည် ။ ဖေကြီးနဲ့ မေမေ လက်ထပ်ဖြစ်ခဲ့ပြီး မွှေမွှေကိုယ်ဝန်ကို ချက်ချင်းရခဲ့တာဟု ဘွားပြောခဲ့ သည် ။

ဒါပေမဲ့ မွှေမွှေကို ရခဲ့တော့လည်း ဖေကြီးက ကိုကို့ကို အချစ်မလျော့ ခဲ့ပေ။ သွေးမစိမ်းသည့် တူအရင်းလေးမို့ ကရုဏာမပျက်ရှိခဲ့သည် ။ ကို ကိုလည်း ဖေကြီးကိုချစ်သည် ။

ဖေကြီး နေမကောင်းဖြစ်လျှင် ဘွားရှိတုန်းကဆို ကိုကိုနဲ့ ဘွားပဲ ဖေကြီးနားမှာ ရှိနေတတ်ကာ မွှေမွှေက ဖေကြီးနားကပ်ပြီဆို မုန့်ဖိုး တောင်းဖို့ ရည်ရွယ်ချက်က ပိုများ သည် ။

ဒီနေ့ထိ ဘွားဆုံးသွားခဲ့တာကလွဲပြီး ဖေကြီးရယ် ကိုကိုရယ် မွှေမွှေရ ယ် မိသားစုသုံးယောက် မှာ ဘာအခက်အခဲပြဿနာမှ မရှိခဲ့ဖူးပါ. ။

မွှေမွှေ ဖေကြီးအသံကြားလိုက်မှ ဖေကြီးကို ပိုသတိရလာသည် ။

ဖေကြီးက ကျန်းမာရေး သိပ်ကောင်းတာမဟုတ်။ အနားမှာ ကိုကိုကလ ည်း မရှိ၊ ဖေကြီးတစ်ယောက်တည်း အဆင်ပြေပါ့ မလား။

*

# အခန်း(၂)

"ဟော့တော်. . ."

မှော်ဘီဈေးကြီးရဲ့ အပေါ်ထပ်ကိုရောက်တော့ ပိုက်ဆံအိတ် ကားထဲမှာ ကျန်ခဲ့တာကို အမှတ်ရ ကာ စိတ်ပျက်စွာခေါင်းကုတ်ရင်း ချာခနဲပြန်လှည့်ကာ လှေခါးပေါ်မှ ပြေးဆင်းလာခဲ့သည်။

နေ့ခင်းကြောင်တောင်ကြီးမို့ လူရှင်းလှသည် ထင်ခဲ့သော်လည်း . .၊

"အင့်"

"ဟာ"

"ချောက်. . ဒေါက်"

ထွက်လာသည့် အသံကြောင့် ယောကျ်ားတစ်ယောက်နှင့် အရှိန်ပြင်းစွာ တိုက်မိလိုက်ပြီကို သိသော်လည်း ကိုယ့်အရှိန် ကိုယ်မထိန်းနိုင်ဘဲ ဒွေ့ဒွေ့ လှေခါးအကွေ့နံရံမှာ အင့်ခနဲ ပစ်ကပ်သွား သည်။

ရေဘင်မျက်မှန်နက်ကို စွပ်ထားသည့် ယောကျ်ားတစ်ယောက်သည် လှိုင်းတွန့်ရေးရေးထင် သော ဆံပင်နက်တို့ ကို နားသယ်စပ်လောက်မှ အားလုံးသိမ်းယှဉ်ကာ သေသပ်စွာ ဖြီးလိမ်းထားပေ မယ့် ဆံပင်ထူထူက ကုပ်အောက်မရောက်တရောက်ထိ ရှည်နေသည် မို့ ရှည်လျားသော သူ့အရပ်ကြီး နှင့်ဆိုတော့ နိုင်ငံကျော် ရုပ်ရှင်မင်းသားတွေလို အတော်လေးကြည့်ကောင်းလေသည်။

သူက ငွေငွေခြေထောက်နားမှာ ကုန်းကွကာ တစ်စုံတစ်ရာကို ကောက်နေလျက် မတ်ခနဲပြန် ရပ်လိုက်သည် ။ သူ့လက်ထဲမှာ ကြိုးပြတ်နေသော လက်ပတ်နာရီတစ်လုံး. .၊ နာရီသည် မိုးပြာရောင် ပြောင်လဲ့ကာ မြင်ရုံနှင့်ပင် တန်ဖိုးကြီးပစ္စည်းတစ်ခုဖြစ်မှန်း သိသာနေ၏။

"ဒါ. . ဒါ သူများကြောင့်. ."

"ဟုတ်တယ် . . . အဲဒါ မင်းကြောင့်. . ရော့. ."

ဘာမသိ ညာမသိနှင့် နာရီကြိုးပြတ်ကို ငွေငွေလက်ထဲကြမ်းတမ်းစွာထိုးထည့်ပေးပြီး လှေခါး လှေခါးပေါ် ဆက်တက်သွားသည် ။ ရုတ်တရက် နာရီကိုငုံ့ကြည့်ကာ ကြောင်တောင် ဖြစ်သွား ပြီးမှ . .၊

"ဒီမှာ . . ဒီမှာ . ."

ငွေငွေ နောက်ကနေ တအားပြေးလိုက်ကာ လှေခါးထိပ်ကနေ ပိတ်ရပ်လိုက်၏။ စူးရှသော သူ့မျက်လုံးများကို မျက်မှန်ရဲ့ နောက်မှာ လက်ခနဲ လက်ခနဲ မြင်နေရ၏။ ဖြောင့်စင်းချွန်ကော့နေ ကော့နေသော နှာတံက ပွရောင်းကောက်ကွေ့ခြင်း ကင်းလေသည် ။

ထူသည် လည်း မဟုတ် ပါးသည် လည်း မဆိုသာသော နှုတ်ခမ်းအစုံက ယောက်ျားလေးတစ် ယောက်နှင့် မထိုက်တန်စွာ နီမြန်း ပိရိကျနသည် ။ ငွေငွေ ပြောမည့်စကားတွေ ပျောက်ဆုံးကုန်သည် ။ နာရီကိုင်လျက် သူ့ရှေ့မှာ ကျောက်ရုပ်ကလေးဖြစ်သွား၏။

မျက်မှန်အောက်မှာ တစ်စွန်းတစ်စပေါ်နေသည့် သူ့မျက်ခုံးတွေ အလိုမကျဟန်နှင့် တွန့်ကုတ် သွားကာ ငွေငွေကို ကွေ့ရှောင်သွားဖို့ ဟန်ပြင်လိုက်မှ . .၊

"ဒီနာရီကို ငွေငွေ ပြင်ပေးပါရစေ. ."

နှစ်သက်စိတ်ဝင်စားဖွယ်ကောင်းသော နှုတ်ခမ်းအစုံက ဆတ်ခနဲ တွန့်မဲ့သွားပေမယ့် မွှေးမွှေး မျက်ဝန်းထဲမှာ အလှပျက်သွားသည် မထင်. .၊

"မလိုဘူး. . ပျက်စီးတာကို ငါကသိပ်မုန်းတာ. ."

သူ မွှေးမွှေးကို ကျော့ရှောင်တက်သွားသည် ။

"အို. . . နေဦးလေ. ."

မွှေးမွှေး အတင်းလိုက်ခဲ့သည် ။

ဈေးရုံကြီးရဲ့ ကော်ရစ်ဒါမှာ လူသိပ်မရှုပ်ပေမယ့် မွှေးမွှေး သူ့နောက်ကို ချက်ချင်းမလိုက်ဘဲ ရှောင်ရှားနေရသည် ။

"ဒီမှာ ရှင့်. ."

မြင့်မားသော သူ့အရပ်ကြီးရဲ့ ဘေးမှာ အမောတကောလေး ပြေးကပ်လိုက်ပေမယ့် မော့ကြည့် နေရတာက တစ်လုပ်. .၊

"ဒီနာရီကြီး မွှေးမွှေး ဘာလုပ်ရမှာ လဲ. ."

သူ မွှေးမွှေးကို လုံးဝပြန်ငဲ့ကြည့်ဖော်မရဘဲ ကာကီရောင်ဘောင်းဘီပွပွထဲ လက်နှိုက်ထားလျက် ခြေလှမ်းတစ်ချက်မှ တုံ့မသွားပေ။

"ဟာ. . ကိုဆက်၊ ဒီကိုလာတာလား. ."

"ဟုတ်တယ်. ."

"ဒါကြောင့် ကျွန်တော့်ဆိုင် ဒီနေ့ လာဘ်ပွင့်နေတာထင်တယ်. . ရောင်းဝယ်ကောင်းနေတာ. ."

သူ ရွှေဆိုင်ကြီးတစ်ဆိုင်ရှေ့မှာ ရပ်လိုက်တော့ မွှေးမွှေးပါ လိုက်ရပ်လိုက်သည် ။ တစ်ဆက်တည်း နှုတ်ခမ်းမဖွင့်ဘဲ ပြုံးလိုက်သည့် သူ့မျက်နှာကို မော့ငေးလိုက်မိသည် ။

ဘယ်လိုဆုတောင်းတွေနဲ့ သူ ဒီလောက်ချောနေရတာလဲ. .၊

“ဇေယျကျော်မွေးနေ့အတွက် ကျွန်တော် မွေးနေ့လက်ဆောင် လူကြုံ ပါးမလို့ . .”

“ဟာ. . ကိုဆက်က မသွားတော့ဘူးလား. .”

“ဟုတ်တယ်ဗျာ. . အဲဒါ သူ့ကိုပြောပေးစမ်းပါ. .”

“သူက သူ့မွေးနေ့ကို ကိုဆက်မဖြစ်မနေလာမှာ ပဲဆိုပြီး လိုက်ကြွား နေတာ. . ကျွန်တော် ကတော့ထင်ပါတယ် . . ဟဲ . .”

ဆိုင်ရှင်က ရှိုးကေ့စ်မှန်ပေါ် လက်တစ်ဖက်တင်ကာ သူ့ဘေးမှာ ရပ် နေသည့် မွှေမွှေကို လှမ်းကြည့်၏။

“ဒီကညီမက ကိုဆက်ရဲ့ အဖော်လား. .”

မွှေမွှေ ပါးစပ်ပြင်ရုံရှိသေးသည် ။

“ဘာမှ မဆိုင်ဘူး”

လုံးဝမပတ်သက် မဆက်ဆံလိုသောလေသံက တင်းမာပြတ်တောက် လှ၏။

“ဩော်. .”

မွှေမွှေ ဒေါသဖြစ်သွားကာ. .၊

“ဘာလို့ မဆိုင်ရမှာ လဲ. . ဒီမှာ ရှင့်နာရီ၊ ရှင် ဒါကိုမလိုချင်ရင် မွှေမွှေ အစားပြန်ဝယ်ပေးမယ်. .”

“နာရီကိစ္စ ငါ့ခေါင်းထဲမှာ ဘာမှ မရှိတော့ဘူး. . မင်းငါ့ကို ဘာမှ ပ တ်သက်ဖို့ မကြိုးစားပါနဲ့ . . မင်းအတွက် ဒါအနှောင့်အယှက်ဖြစ်နေရင်

အဲဒီနေရာကနေ အောက်ပစ်ချလိုက်”

“ဘာရယ်. .”

ငွေငွေ ဆတ်ဆတ်ခါနာသွားသည်။

ရွှေဆိုင်ပိုင်ရှင်က ငွေငွေရယ် နာရီရယ် သူ့မျက်နှာရယ်ကို တစ်လှည့်စီကြည့်ကာ အားနာဟန် များ လည်း မျက်နှာမှာ အထင်းသား. .။

တကယ်ဆို ဒေါသဖြစ်ဖြစ်နှင့် ငွေငွေ နာရီကို လွှဲပေါက်လွှင့်ပစ်လိုက်ဖို့ ကောင်းပါသည်။ သို့သော် နှုတ်ခမ်းလေး ကိုက်မိသော်လည်း နာရီကို လွှတ်မပစ်မိ၊ အနားမှ လည်း မရွေ့သေးပါ. .။

“ကျွန်တော် မွေးနေ့လက်ဆောင်အတွက် ပစ္စည်းတစ်ခုဝယ်ချင်တယ် . .”

သူက ငွေငွေကို ပြန်မကြည့်တော့ပေ. .။

“ဩော်. . ကျွန်တော့်ဆီကဝယ်မှာ ပေ့ါ. . ကျွန်တော်က လက်ဆောင်လူကြုံပါးမလို့ လာတာဆို တော့ တစ်ခါတည်းပါလာတာလားလို့ . . ရွှေဆိုင်ဆိုတော့ ယောကျ်ားလေးအတွက် လက်ဆောင်ကတော်တော်ရှားမှာ ပဲ၊ ကိုဆက်လိုချင်တဲ့ လက်စွပ်ထဲကပဲ ရွေးလို့ ရမယ်. .”

“ကြိုက်တဲ့ လက်စွပ်ကို လက်ညှိုးထိုး. . လက်စွပ်ဖိုး ငွေငွေပေးမယ်. .”

“ဟော့. . မင်း. .”

“ဒီမှာ လေ. . ဒါ ရှင်မွေးနေ့လက်ဆောင်ပေးဖို့ ကိုင်လာတာမဟုတ်လား. . ဒီနာရီပျက်စီး သွားတာ ငွေငွေကြောင့်. . . ဒါကြောင့် လျော်ပေး

တာ. .”

“တောက်. . .”

သူ တက်ခေါက်လျက်. ။

“တော်တော်ရှုပ်တဲ့ မိန်းကလေး. . ကိုရာဇာ ကျွန်တော်ကိုယ်တိုင်ပဲ မွေးနေ့ပွဲကို လာခဲ့တော့ မယ်ဗျာ. . သွားပြီ. .”

သူ ချာခနဲ လှည့်ထွက်သွားသည် ။ ဋ္ဌေဋ္ဌေက ဆိုင်ရှင် ကိုရာဇာဆိုသည့်လူကို လှမ်းကြည့်ကာ. ။

“မွေးနေ့က ဘယ်မှာ လဲဟင်. .”

ထိုသူက ဋ္ဌေဋ္ဌေကို အထင်သေးသည် လည်း မဟုတ်၊ ဒါကိုလည်း မထူးဆန်းသော ကြုံနေကျ အဖြစ်တစ်ခုလို ပြုံးလိုက်ပြီး လှပသော ဖိတ်စာကတ်ထူလေးတစ်ခု ထုတ်ပေး၏။

“ကျေးဇူးနော်. .”

ဋ္ဌေဋ္ဌေ အောက်ထပ်ကို အမြန်ဆုံး ပြေးဆင်းချလာခဲ့ပေမယ့် ကိုဆက်ဆိုသော အရိပ်အယောင် ကိုမျှ မမြင်ခဲ့ရတော့ပါ. ။

သူမနာရီကို တင်းတင်းဆုပ်လျက် ဟိုဒီလျှောက်ကြည့်ရှာသော်လည်း . ။

*

## အခန်း(၃)

"အရမ်းကိုချောတာ. . အဲဒီလိုပြောရုံနဲ့ အားမရလောက်အောင်ကိုပဲ ချောတာ၊ ငါလေ ဟန်ကို မဆောင်နိုင်ဘူး. . တကယ် . ."

"မယုံပါဘူး. ."

"တကယ်ပါကျော်ရယ်. . သူက နာရီကိုကိုင်ပြီး တက်လာတာ. . . ငါကပြေးဆင်းရင်းနဲ့ တအားတိုက်ချလိုက်တော့ ကြိုးကပြတ်ထွက်သွားတာပေါ့. . ဒါပေမဲ့ ဘာမှ မဖြစ်ပါဘူးဟာ . . ကြိုးပြတ်တာလေး ပြန်ဆက်လိုက်ရင်ပြီးရော၊ သူက ဘာပြောတယ်မှတ်လဲ. . ငါက ပျက်စီးတာ ဆိုရင် သိပ်မုန်းတာ. . တဲ့ . . လေသံကမာပေမယ့် အသံကိုက ဆွဲဆောင်မှုရှိတာ ကြည်သလိုလို ရှတတ အသံမျိုးလေး. . ကရုဏာသံပါပြီး ဒေါပွနေတာမျိုးဆိုတော့ နားထောင်လို့ အရမ်းကောင်းတာပဲ. ."

"တော်ပါတော့ဗျွေ့ဗျွေ့ရယ်. . အရေးကြီးလို့ လာပါဦး ဖုန်းဆက်တော့ ငါ့မှာ တော့ အဝေး တစ်နေရာမှာ ငါ့သူငယ်ချင်း ဘာများ မပြည့်စုံရှာသလဲတွေးပြီး မိုးမလင်းခင်ထပြီး ဒရိုင်ဘာတောင် မခေါ်ခဲ့ဘဲ မောင်းချလာတာ. . . လက်စသတ်တော့ သူက အသည်းစကားတွေ ရင်ဖွင့်ချင်တာကိုး . ."

"ဒါပေမဲ့ အဲဒီမွေးနေ့ကို ငါလိုက်သွားတော့ သူ့ကိုမတွေ့ဘူး. ."

"နင်က ဘာလုပ်ဖို့ လိုက်သွားတာလဲ. ."

“သူ့နာရီကို ငါသိမ်းထားလိုက်ပြီလေ. . ကြိုးပြတ်တာကိုလည်း ပြန်မဆက်ဘူး. . . အမှတ်တရလေးပေ့ါ. . ဒါပေမဲ့ မွေးနေ့လက်ဆောင်တော့ ငါဝယ်သွားတယ်. . သူ့ကိုစောင့်ရတာ ဘယ်လိုမှ ရောက်မလာတော့မှ သူ့နာမည်တပ်ပြီး လက်ဆောင်ကိုသွားပေးခဲ့တယ်. .”

“သူတို့ က ကိုဆက်ဆိုတာ ဘယ်သူလဲလို့ ထပ်မေးတယ်. . ငါလည်း ကိုဆက်ဆိုတာပဲသိတဲ့ ဥစ္စာ. . ကိုဆက်လို့ ပဲ မှတ်လိုက်ပါလို့ ပြောခဲ့တယ်. .”

“အင်း. . ဆက်ပြောပါဦး . .”

“ဒါပဲ. .”

“ဟင်. . တန်းလန်းကြီး. .”

“သူကမှ မလာတာ. . .”

“လာရင် နင်ကပြီးအောင်ကမှာ လား. .”

“ဟုတ်တယ်. . ငါကတော့ မရရအောင် မိတ်ဆက်မှာ ပဲ. .”

“နင်ပြောပုံဆို သူက မိန်းမမုန်းဝါဒီနဲ့ ခပ်ကြောင်ကြောင်သမားထင်ပါတယ်ဟာ . .”

“သူ့ဟာသူ မုန်းတာ မမုန်းတာ မသိဘူး. . လုံးဝမကြောင်တာ သေချာတယ်. .”

“သူ့မှာ သားမယားရှိနေရင် ဘယ်လိုလုပ်မလဲ. .”

“အဲဒါလည်း မရှိဘူးဆိုတာ ငါလုံးဝသေချာတယ်. . သူ့မျက်လုံးထဲမှ နူးညံ့ညင်သာမှုတွေရှိ မနေဘူး. . အဲဒါအချစ်မရှိတဲ့ သက်သေပဲ. .”

“အမလေး. . အချစ်တွေ အပြစ်တွေ အသံထွက်နေပါလား. .

စာကြောင်းပေကြောင်း မဆွေး နွေးဘဲ ဒီကလေးတွေ ဘာတွေဆွေးနွေး နေကြတာလဲ ပြောစမ်း. . ကြားနေရတာတွေများ ဒီမှာ အလုပ်လုပ်ရတာ တောင် မဖြောင့်တော့ဘူး. .”

ယုံယုံကြီးက ကြက်မွေးတစ်ချောင်းနှင့် အနားရောက်လာသည်။

“ယုံယုံကြီးနော်. . ဒီနားမှာ ဖုန်သုတ်သလိုလို သန့်ရှင်းရေးလုပ်သလို လိုနဲ့ အကြောင်းရှာနေ တာ မွေ့မွေ့မသိဘူးများ မှတ်နေသလား. .”

“အဲဒါကိုသိရင်လည်း တွတ်ထိုးမနေဘဲ ကလေးက ကျယ်ကျယ်လေး ပြောပါလား. . ယုံယုံကြီး မကြားရတော့ အနားတိုးလာရတာပေါ့. .”

“မပြောချင်ပါဘူး. . ယုံယုံကြီးနဲ့ ပြောလို့ ဘာအရသာရှိမှာ လဲ၊ ယုံယုံကြီးက အဘွားကြီး ဥစ္စာ. . .”

“အမလေး. . အဘွားကြီးလည်း နားထောင်တတ်ပါတယ်အေရယ်. . ကဲ. . ဘာပြောမလဲ. . ပြော. .”

အေမီကျော်သက်က သူတို့ နှစ်ယောက်ကိုကြည့်ကာ တခစ်ခစ်ရယ် သည်။

“မော်ဘီဈေးထဲမှာ အရမ်းချောတဲ့ ယောကျ်ားတစ်ယောက် တွေ့ခဲ့တ ယ်. . သူက အရမ်းလည်း မာနကြီးနေလို့ . . အဲဒါ မွေ့မွေ့မိတ်ဆက်ချင် တယ်၊ ယုံယုံကြီး ဘာလုပ်ပေးနိုင်မလဲ. .”

“အလိုတော်. .”

ယုံယုံကြီး မျက်လုံးပြူးသွားသည်။

“တကယ်ပြောတာနော် ယုံယုံကြီး. . ဖေကြီးက ယုံယုံကြီးကို မွေ့မွေ့ စိတ်ချမ်းသာအောင် အစစ အရာရာ ဆောင်ရွက်ပေးလိုက်ပါလို့ မှာ လို

က်တာ ဋ္ဌေဋ္ဌေကြားတယ်. . အဲဒါ အခု ယုံယုံကြီး သူ့ကိုရှာပေး. .”

“ဘာကိုရှာရမှာ လဲ. .”

“သူက ဘယ်ကမှန်းမသိလို့ . .”

“ဖြစ်ရလေ ဋ္ဌေဋ္ဌေရယ်. . အဆိုတော်လည်း မဟုတ်၊ ရုပ်ရှင်မင်းသားလည်း မဟုတ်ဘဲနဲ့ မိတ်ဆက်ရမယ်လို့ . .”

“အဆိုတော်၊ ရုပ်ရှင်မင်းသား ဘာလုပ်ရမှာ လဲ. . ဘယ်အချိန်ပြေးကြည့်ကြည့် ရတယ်. . ပြီးတော့ သူတို့ တွေထက် သူက ပိုချောတယ်၊ လုံးဝဆင်တူရိုးမှားမရှိနိုင်ဘူး. .”

“ဒုက္ခပါပဲ. . မော်ဘီရောက်လာတာမကြာသေးဘူး. . ဘာညာသရကာတွေ ညည်းလေး လျှောက်လုပ်ရင်တော့ လူလေးကျုပ်ကိုဆူတော့မှာ ပဲ. . ”

ယုံယုံကြီးက ဖေကြီးကို ခုထိ လူလေးလို့ ပဲခေါ်တုန်း. .။

“အကြီးယုံက အန်ကယ်နေ့ကို ဘာဖြစ်လို့ လူလေးလို့ ခေါ်တာလဲဟင်. .”

ယုံယုံကြီးက ထွက်ပေါက်ရသွားသလိုဖြစ်ကာ ဋ္ဌေဋ္ဌေရဲ့ စကားကြောထဲမှ အလျင်အမြန်ရုန်း ထွက်လာသည် ။

“ချစ်လို့ ပေ့ါ သမီးရယ်. . လူလေးကိုလည်း ဟောဒီကလေးလေးလိုပဲ ယုံယုံကြီးပဲ ချီပိုးထိန်း ကျောင်းခဲ့ရတာလေ. . သိပ်ကိုစိတ်ဓာတ်တည်ကြည်တဲ့ ကလေး၊ လူလေးရယ်. . လမင်းလေးရယ် ယုံယုံကြီးဆို သိပ်ချစ်ကြတာ၊ ဖအေ မအေကိုကြောက်ရပြီဆို ယုံယုံကြီး ရင်ခွင်ထဲပြေးဝင်တော့တာ ပဲ. .”

စပြီဆိုသည့်သဘောနှင့် ဋ္ဌေဋ္ဌေက ပြုံးကာ ကျော့ကို မျက်စပစ်သည် ။

"အကြီးယုံ. . ရန်ကုန်အိမ်ကြီးထဲမှာ ရှိတဲ့ ဓာတ်ပုံထဲက အန်တီမွန်က သိပ်လှတာပဲနော်. . ကျက်သရေလည်း ရှိတယ်၊ ပြီးတော့ အန်ကယ်က လည်း ချောတယ်. . ဋ္ဌေဋ္ဌေက တကယ်ဆို ဒီထက်မက အတော်ကြီးကို လှရမှာ . ."

"အမလေး. . ကျုပ်ကလေးလေး မလှဘဲနေပ့ါမလား. ."

ဋ္ဌေဋ္ဌေကိုလည်း ယုံယုံကြီးက အထိမခံနိုင်သေး. .၊

"ညည်းတို့ သူငယ်ချင်းက အချိန်ပြည့် မျက်နှာအပြောင်သားနဲ့ . . . နှုတ်ခမ်းနီဆိုးဖို့ ကျတော့ ဝါသနာကြီးမှ ကြီး၊ ဘယ်မှာ ပြုပြုပြင်ပြင်နေလို့လဲ. . ပြည်တန်ပတ္တမြားတောင်မှ အရောင်တင်မှ တန်ဖိုးသိရတယ်၊ ငါ့ကလေးလေးကိုကြည့်စမ်း. . မျက်ဝန်းပြာလေးတွေက မအေနဲ့ တထေရာတည်း တူတာ၊ ဘယ့်နှယ် မအေလောက်မလှဘဲ ရှိပ့ါမလား. ."

"ပြောလိုက် ယုံယုံကြီး. . ပြောလိုက်၊ ဒီကောင်က ဋ္ဌေဋ္ဌေကို မေမေ့လောက် မလှဘူးပဲ ပြောနေတာ. ."

"လှပ့ါ လှပ့ါ. . ကျုပ်ကလေးလေးက ပါးချိုင့်လေးတစ်ဖက်တောင် ပိုသေးတယ်၊ ရယ်လိုက် ရင် ဖက်နမ်းပစ်ချင်လောက်အောင် ချစ်ဖို့ကောင်းတယ်. ."

"ဟေး. . ဒါမှ ယုံယုံကြီး. ."

ဋ္ဌေဋ္ဌေက လက်ခုပ်လေးတီးပြီး အော်သည် ။

"တော်ပါဟယ်. . ကိုယ်ရယ်လိုက်တိုင်း လူတိုင်းနမ်းချင်နေကြမှာ များ မခံချင်ပါဘူး"

"မိကျော်နော်. . ငါဆွဲထိုးမိတော့မယ်. ."

"ဟီး. . ဟီး . ."

"ရယ်သံကိုက . . မိန်းမနဲ့ ကိုမတူဘူး. ."

"ဟုတ်ပါတယ်. . ရှင်ပဲတူပါတယ်၊ မကြာခင်အနမ်းခံရမှာ ပဲ ဥစ္စာ. .
"

"တွေ့လား. ."

"တွေ့တယ်. ."

ငွေ့ငွေ့ လက်သီးဆုပ်ကာ ဆတ်ခနဲထရပ်လိုက်လျှင် ကျော် ယုံယုံကြီး ကိုခုန်ဖက် ကာကွယ် ထားလေသည်။

ရယ်သံတွေထဲမှာ ယုံယုံကြီးရယ်သံက အကျယ်လောင်ဆုံး. .၊

*